


## မြန်မာ့ စံပြမြေဩဇာကုမ္ပဏီမှ တင်သွင်းဖြန့်ချိလျက်ရှိသည့် ENTEC® မြေဩဇာ အကျိုးပြုပုံအကြောင်း

ENTEC® မြေဩဇာဆိုသည်မှာ နိုက်ထရိုဂျင် အာနိသင်ကို စိုက်ပျိုးမြေကြီးထဲတွင် အာနိသင် ကြာရှည်ခံနိုင်စေရန် DMPP Coated ဖြင့် အထူးစီမံထားသော NPK Complex မြေဩဇာ တစ်ခုဖြစ်ပါသည်။ ENTEC® မြေဩဇာကို မြေခံအဖြစ်သော်လည်းကောင်း ပထမအကြိမ် နောက်လိုက်အဖြစ်သော်လည်းကောင်း အသုံးပြု နိုင်ပါက သီးနှံသက်တမ်း တလျှောက်လုံးတွင် များစွာ အကျိုးရှိနိုင်ပါသည်။ နှစ်ရှည်ပင်များ အတွက်လည်း တစ်နှစ်အတွင်း အကြိမ်ရေ နည်းနည်းကျွေးရုံမျှဖြင့် နိုက်ထရိုဂျင်အာဟာရကို ပြည့်ဝစွာ ရရှိစေနိုင် ပါသည်။ မြေအစိုဓာတ်နှင့် အပူချိန်ပေါ် မူတည်ပြီး (၄) ပတ် မှ (၁၀) ပတ် ခန့်အထိ နိုက်ထရိုဂျင် အာဟာရကို အပင်မှ ရယူစားသုံးနိုင်ပြီ ဖြစ်ပါသည်။

နိုက်ထရိုဂျင်သည် စိုက်ပျိုးရေးတွင် အရေးကြီးဆုံး အာဟာရ သုံးခုအနက် တစ်ခုဖြစ်ပြီး၊ အပင်ကြီးထွားမှုနှင့်အတူ သီးနှံအောင်မြင် ဖြစ်ထွန်းရေးအတွက်ပါ အဓိကတွန်းအားတစ်ခု ဖြစ်ပါသည်။ နိုက်ထရိုဂျင်သည် သီးနှံပင်အားလုံးအတွက် အပင်ငယ်စဉ်မှစ၍ ရင့်မှည့်ချိန်အထိ အောင်မြင်ဖြစ်ထွန်းမှုအပေါ် များစွာ လွှမ်းမိုးမှု ရှိပါသည်။ ENTEC® မြေဩဇာသည် နိုက်ထရိုဂျင် လေလွင့်ဆုံးရှုံးမှုကို မရှိသလောက် နည်းပါးစေပြီး အပင်၏ လိုအပ်ချက်အရ နိုက်ထရိုဂျင် ထောက်ပံ့ပေးမှုကို လိုက်လျောညီထွေဖြစ်အောင် ထောက်ပံ့ပေးနိုင် သဖြင့် အရည်အသွေးမြင့်မားသော သီးနှံအထွက်ကို ရရှိစေနိုင် ပါသည်။ ENTEC® မြေဩဇာအမျိုးအစားသည် ရာသီဥတုမရွေး အပင်မှ ထိရောက်စွာ စားသုံးနိုင်တာကြောင့် သီးနှံစိုက်ခင်းတိုင်းအတွက် အထူးပင်သင့်လျော်သည့် မြေဩဇာ အမျိုးအစားဖြစ်ပါသည်။ နိုက်ထရိုဂျင်ကို ထိန်းသိမ်းနိုင်မှု အားနည်းသော (သဲဆန်သောမြေ၊ ရေဝပ်သောမြေ၊ မိုးများသောဒေသ) များတွင် အသုံးပြုရန် အထူးရွေးချယ်သင့်ပါသည်။

မြန်မာ့ စံပြမြေဩဇာ ကုမ္ပဏီအနေဖြင့် ENTEC® မြေဩဇာကို ကမ္ဘာ့အသိမှတ်ပြု EuroChem Agro ကုမ္ပဏီမှတဆင့် တင်သွင်း ဖြန့်ချိလျက်ရှိပြီး အရည်အသွေးမြင့် မြေဩဇာဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။